# အက်ဖ်အက်စ်ဒဗလျူဂျီ၏ တင်ပြလွှာအကျဉ်းချုပ်

## မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်

## (မြန်မာ့တောင်တန်းဒေသတွင် ဝမ်းစာဖူလုံရေးအတွက် အခြေခံအုတ်မြစ်)

မြန်မာ့တောင်တန်းဒေသတွင် ဝမ်းစာဖူလုံရေးအတွက် အုတ်မြစ်သဖွယ် အခြေခံကျသော မြေယာ အသုံးပြုခွင့် ရရှိရေးသည် အသေးစားတောင်သူများအတွက် ခက်ခဲသော အခြေအနေကို ရောက်နေပါသည်။ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် အာမခံချက်များသည်လည်း လျော့ပါးပျက်ပျယ်လာကာ တောင်ပေါ်ဒေသအချို့တွင် မြေယာသုံးစွဲခွင့်ရရေးသည် ပိုမိုခက်ခဲလာပါသည်။ ဤအလားအလာအတိုင်း ဆက်လက်ဖြစ်ပေါ်နေလျှင် စားနပ်ရိက္ခာ ဖူလုံရေးအတွက် သာမက စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေရှည်တည်တန့် နိုင်မှုအပေါ် ဆိုးကျိုးများ ကျရောက်လာစေနိုင်ပါသည်။ ဤတင်ပြလွှာ အကျဉ်းချုပ်သည် မြေယာပိုင်ဆိုင် လုပ်ပိုင်ခွင့်နှင့် စားနပ်ရိက္ခာဖူလုံမှုတို့၏ ကျိုးကြောင်းဆက်နွှယ်နေမှုတို့အပြင် ယနေ့ တောင်တန်းဒေသတွင် အသေးစားတောင်သူများအတွက် မြေယာအသုံးပြုခွင့်ရရှိရေးနှင့် မြေယာလုပ်ကိုင်မှုစနစ်များအပေါ် လွှမ်းမိုးနေသော အရေးပါသည့် အဖွဲ့အစည်း၊ မူဘောင်များနှင့် အခြားအခြေခံအကြောင်းရင်းများ၏ ဆက်စပ်ပတ်သက်နေမှုများကိုပါ စုံစမ်း တင်ပြထားပါသည်။



### ၁။ နောက်ခံအကြောင်းရင်း

### ၁(က)။ မြန်မာ့တောင်တန်းဒေသ – ဝမ်းစာဖူလုံရေးအတွက်ရုန်းကန်နေရမှု

တောင်ကုန်း တောင်တန်းများသည် မြန်မာနိုင်ငံ၏ ကုန်းမြင့်ဒေသများဖြစ်ကြ၍ ၎င်းတို့သည် ဟိမဝန္တာကုန်းပြေမြင့်မှသည် အရှေ့တောင်ဖက်အရပ်ရှိ ဤနိုင်ငံ၏ အလယ်ပိုင်းလွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်တို့ကို စက်ဝိုင်းပြတ်သဖွယ် ပတ်ရာဝိုင်း၍ တည်နေပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀ ကျော်ရှိရာ အရပ်ကို ကုန်းမြေမြင့်ဟု သတ်မှတ်ပါလျှင် ၎င်းတို့သည် မြန်မာနိုင်ငံ၏၆၆ ရာခိုင်နှုန်းသော မြို့နယ်များကို လွှမ်းခြုံ၍ နိုင်ငံ၏ ၄၂ ရာခိုင်နှုန်းသော လူဦးရေ အပေါင်းမိုတင်း နေထိုင်ရာလည်း ဖြစ်ပါသည်[၁]။ နိုင်ငံတစ်ဝှမ်းလုံး၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အများစုမှာ ကုန်းမြင့်ဒေသများက နေရာယူထားပေရာ ထိုဒေသများ၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း စသည့် တိုင်းရင်းသား လူမျိုးစု တို့ နေထိုင်ကြပါသည်။

ကုန်းမြင့်ဒေသများရှိ အသေးစား တောင်ယာလုပ်သူများသည် တစ်ဝမ်းတစ်ခါးအတွက် စပါး၊ ပြောင်းဖူး၊ လူးတို့ကို မိရိုးဖလာအတိုင်း အလှည့်ကျမြေလုပ် အနားပေးစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင် ကြပါသည်။ ဤစိုက်ပျိုးရေးဓလေ့သည် အကျပ်အတည်းများကို ကြုံတွေ့နေရပါသည်။ လူဦးရေတိုးပွားလာသည့်အပြင် ရွာကြီး များ၌ လူနေစုစည်းလာသောအခါ မြေယာလုပ်ကွက် ရှားပါးလာတော့သည်။ နိုင်ငံ၏ စုစုပေါင်းစိုက်ပျိုး ဧရိယာ အနက် ၁၀ ရာနှုန်းမှာ ဆင်ခြေလျှော ၁၀ ဒီဂရီကျော်သော တောင်စောင်းများတွင် စိုက်ပျိုးကြသည်ဖြစ်ရာ မြေဆီလွှာတိုက်စားမှု အလွယ်တကူ ခံနေရပါသည်[၂]။ မြေလုပ် အနားပေးကာလမှာလည်း တိုတောင်းလာသဖြင့် သီးနှံထွက်များ ကျဆင်းလာသလို မြေယာပြုန်းတီးမှု ပိုမိုဖြစ်ပေါ်စေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များ၏ ပြည်တွင်း ပဋိပက္ခများကြောင့် အသက်မွေးဝမ်းကျောင်းနှင့် အိုးအိမ်ပစ္စည်း ဆုံးရှုံးခဲ့ရသော တောင်ယာလုပ်ကိုင်စားရသူ မိသားစုများ၏ ဘဝမှာလည်း ယခုထိပြန်လည်နာလန်မထူနိုင်ကြသေးပေ။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ အချို့ဒေသတွင် တောင်သူများမှာ ပိုမိုသင့်တော်သော ဘိန်းအစားထိုးသီးနှံမျိုးများနှင့် စိုက်ပျိုးနည်း စနစ်များကို ရှာဖွေနေဆဲ ဖြစ်ပါသည်။ ကျော်လွှား ဖြတ်ကူးရလွယ်ကူသော နယ်စပ်များကြောင့် ဒေသအတွင်း စီးပွားရေးလုပ်ငန်းများ စုစည်းဆက်နွှယ်မှုများ ဖြစ်ပေါ်လာရာ တစ်ဝမ်းတစ်ခါးအတွက် စိုက်ပျိုးနေသော တောင်ယာမိသားစုများထံ အခွင့်အလမ်းနှင့် အဟန့်အတား နှစ်မျိုးစလုံးကို ဆောင်ကြဉ်းလာပြန်ပါသည်။

ဤအခြေအနေများကြောင့် တောင်ပေါ်ဒေသ လူအများမှာ ဝမ်းစာမဖူလုံကြတော့ပါ။ ၂၀၀၇ ခုနှစ် ယူအင်ဒီပီစစ်တမ်းတစ်ခုအရ ချင်းပြည်နယ်ရှိ လူဦးရေတစ်ဝက်နီးပါးသည် စားနပ်ရိက္ခာမလုံလောက်ခြင်း ဘဝတွင် ရှိနေ ၍[၃] ရှမ်းမြောက်၏ ၂၂ ရာနှုန်းနှင့် ရှမ်းအရှေ့၏ ၂၃ ရာနှုန်းသော လူဦးရေမှာ စားနပ်ရိက္ခာ ကျပ်တည်းပြီး ဤပမာဏသည် တစ်နိုင်ငံလုံး၏ လူဦးရေနှင့် တိုင်းတာပါက ၁၀ ရာနှုန်းထိပင် ရှိပါသည်။ ၂၀၁၀ ခုနှစ်မေလတွင် ဒဗလျူအက်ဖ်ပီ၏ တွေ့ရှိချက်အရ ကိုးကန့်နယ်အချို့ အရပ်တွင် ၆၄ ရာနှုန်းသော အိမ်ထောင်စုများသည် စားနပ်ရိက္ခာမလုံလောက်ကြကြောင်း၊ ၂၂ ရာနှုန်းသော အိမ်ထောင်စုများမှာ စားနပ်ရိက္ခာ အထူးပင် ပြတ်လပ် ချို့တဲ့နေကြကြောင်း သိရှိရပါသည်[၄]။



## ၁(ခ)။ မြေယာလက်မဲ့နှင့် မြေယာညှံ့ဖျင်းမှု – ဝမ်းရေးအတွက် ရိုက်ခတ်ချက်

မြေယာရယူအသုံးပြုနိုင်မှု မလောက်မငြစ်ခြင်းသည် တောင်တန်းဒေသတွင် ဝမ်းရေးမဖူလုံစေသော အကြောင်းရင်းကြီးတစ်ခုဖြစ်ပေရာ ဤအလားအလာမှာ ဆက်လက်ဖြစ်ပွားနေပါသည်။ စစ်တမ်းအချို့ကို နှိုင်းယှဉ်ကြည့်ချက်အရ မြန်မာနိုင်ငံ၏ မြေယာလက်မဲ့ အိမ်ထောင်စုဦးရေသည် တစ်နိုင်ငံလုံးရှိ ကျေးလက်လူဦးရေအားလုံး၏ ၃၅ ရာနှုန်းမှ ၅၃ ရာနှုန်းအထိ ရှိကြောင်း[5] တောင်တန်းဒေသအတွက်လည်း အလားတူ ဖြစ်ကြောင်း ခန့်မှန်းကြပါသည်။

ဝေးလံခေါင်ဖျားအရပ်၌ လူနေကျဲပါး၍ မြေယာလည်း အထူးမရှားပါးသော အခြေအနေရှိသော်လည်း မြေဆီ အဆင့်အတန်းညှံ့ဖျင်းလှသဖြင့် ရေရှည် ရပ်တည်နိုင်သော တောင်ယာလုပ်ငန်းအတွက် တောင်ယာသမားတစ်ဦးသည် မြေယာကွက် ကျယ်ကျယ်လိုအပ်ပါသည်။ အချို့သော တောင်ပေါ်အရပ်၌ ကျေးရွာအများအပြားကိုရွှေ့ပြောင်း၍ တစ်နေရာတည်း၌ စုစည်း နေရာချ ထားခံလာရသောအခါ အိမ်ထောင်စုများသည် လူမှုရေး ဝန်ဆောင်မှုများကို အနီးကပ်ရရှိသော်လည်း မြေယာရရှိမှုမှာ အကန့်အသတ်များ ဖြစ်လာပါသည်။

မြေယာအတွက် အပြိုင်အဆိုင် ရှာဖွေစုဆောင်းနေရစဉ် လယ်ယာစီးပွားရေးလုပ်ငန်းရှင်များကို ကျယ်ဝန်းသော မြေယာကွက်များ ချထားပေးလိုက်သောအခါ အသေးစားတောင်ယာလုပ်ကိုင်စားသူများမှာ မြေယာအပြင် စားကျက်မြေများပါ လက်လွှတ်ဆုံးရှုံးလိုက်ရပါသည်။ စားကျက်မြေ ဆုံးရှုံးသွားသည်နှင့် အမျှ နိုင်းနွားနှင့် တိရစ္ဆာန်မွေးမြူနိုင်စွမ်း မရှိတော့သလို မွေးမြူရေးမှ ငွေဝင်လမ်းပါ ပိတ်သွားပါတော့သည်။

မြေယာရယူနိုင်မှု မလုံမလောက် ဖြစ်ရခြင်းသည် တောင်ပေါ် ဒေသ၌ ဝမ်းရေး မဖူလုံခြင်း၏ အဓိကအချက် ဖြစ်နေ၍ ဤအလားအလာသည် ဆက်လက် ဖြစ်ပေါ်နေသည်။

တောင်ယာမိသားစုများသည် မြေယာဖြင့် ဝမ်းရေးမဖူလုံလာသောအခါ တစ်နိုင်တစ်ပိုင် နည်းလမ်းများကို ရွေးချယ်လာကြပါသည်[6]။ ပထမတွင် လယ်ယာ၌ နေ့စားအငှားလိုက်ရန် အလုပ်ရှာကြပါသည်။ အလုပ်အဆင်မပြေပါက အခြားတစ်နေရာသို့ ခေတ္တခဏ (သို့မဟုတ်) အတည်တကျသွားရောက်လုပ်ကိုင် ကြပါသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ကို ကျော်၍ သွားရောက် အလုပ်လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ ထိုကဲ့သို့ အခြားသွားရောက် လုပ်ကိုင်ရာတွင် သစ်တောထွက် ပစ္စည်းကို ရှာဖွေထုတ်ယူခြင်း။ ကျောက်စိမ်းတူးခြင်း။ ရွှေကျင်ခြင်း (သို့မဟုတ်) သတ္တုတွင်းများ၌ အလုပ်လုပ်ခြင်း စသော ရရာလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ ကြုံတွေ့နေကျ အခြားတစ်နိုင်တစ်ပိုင်အလုပ်မှာ ကျေးရွာအနီး သစ်တောမှ ထင်းခုတ်ခြင်း။ သစ်ခွနှင့် ဆေးဘက် ဝင်အပင်များ ရှာဖွေထုတ်ယူခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်များလည်း ပြုန်းတီးသွားပါသည်။ အချို့မိသားစုများမှာ ချေးငှားစားသောက်ပြီး အကြွေးတင်လာကာ အစားအစာကို ဝေပုံကျမျှ၍ စားသောက်လာရပါသည်။

## ၂။ တောင်တန်းဒေသ မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်အပေါ် လွှမ်းမိုးနေသောအချက်များ

### ၂(က)။ ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်စည်းမျဉ်းဘောင်များ

သမိုင်းကြောင်းအရ တောင်တန်းဒေသရှိ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်ကို ထုံးတမ်းစဉ်လာဥပဒေဖြင့် ထိန်းကျောင်းထားပါသည်။ ဗြိတိသျှကိုလိုနီခေတ်၌ တောင်တန်းဒေသကို နယ်ခြားဒေသအုပ်ချုပ်ရေးအောက်၌ စီမံရာ၌ ဓလေ့ထုံးတမ်းလာဥပဒေကို တရားဝင် အသိအမှတ်ပြုခဲ့ရာ ယနေ့တိုင် တည်တန့်နေပါသည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေအားလုံးသည် တစ်နိုင်ငံလုံးအပေါ် သက်ရောက်နေသော်လည်း ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင် လုပ်ပိုင်ခွင့်နှင့် ယင်းနှင့်ဆိုင်သော ပဋိပက္ခများအတွက် ဖြေရှင်းသော နည်းလမ်းများကို တောင်တန်းဒေသ မြေယာအငြင်းပွားမှုတွင် ယနေ့တိုင် ကျင့်သုံးနေပေရာ ၎င်းကိစ္စရပ်တို့ကို ထည့်သွင်းစဉ်းစား သင့်ပါသည်။ အကြောင်းမှာမူ တောင်ယာအများစုတွင် အလှည့်ကျ အနားပေးသော လုပ်မြေများကို တရားဝင် (သို့မဟုတ်) ပြည့်ပြည့်စုံစုံ မှတ်ပုံတင်ထားခြင်း မရှိတတ်သောကြောင့်ဖြစ်ပါသည်။ မြေယာမှတ်ပုံတင်ခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (လယ်/ဆည်ဝန်ကြီးဌာန) အောက်ရှိ အခွန်စည်းကြပ်ခြင်းနှင့် မြေယာမှတ်ပုံတင်စာရင်းများပြုစုခြင်း လုပ်ငန်းများအတွက် တာဝန်ရှိသော ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ကြေး/မြေ ဌာန)မှ ဆောင်ရွက်လေ့ရှိပါသည်။

ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင် လုပ်ပိုင်ခွင့် စည်းမျဉ်းစည်းကမ်းများသည် လူမျိုးစုနှင့် ပထဝီဝင် အနေအထားအလိုက် ကွဲပြားခြားနားပါသည်။ ဥပမာ – ချင်းပြည်နယ် အချို့အရပ်၌ မြေယာစီမံခန့်ခွဲရာတွင် ရွာသားများသည် စုပေါင်းဆောင်ရွက် ကြပါသည်။ ကျေးရွာလူထုက တောင်စောင်း မြေကွက်များပေါ် အလှည့်ကျ ရွှေ့ပြောင်းပြီး တောင်ယာခုတ်တွင် ရှင်းလင်းကာ ရွာဘုံအကွက်ကြီးထဲမှ အိမ်ထောင်စု တစ်ခုချင်းအလိုက် အကွက်များ ခွဲတမ်းချပေးခြင်း (သို့မဟုတ်) အမွေဆက်ခံခွင့်ပေးခြင်းတို့ဖြင့် ရရှိသော အကွက်ငယ်လေးများပေါ်စိုက်ပျိုးကြပါသည်။

ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုရှိနေသော စံထားအပ်သည့် ထုံးတမ်းစဉ်လာ ဥပဒေတစ်ခုမှာ ""ဓားမဦးချ"" စနစ်ပင် ဖြစ်သည်။ မြေယာကို ဓားဦးချစတင် ခုတ်ထွင်စိုက်ပျိုးသူသည် မြေပိုင်ဖြစ်သည်ဟု အဓိပ္ပါယ်ရပါသည်။ ရိုးရာအစဉ်အလာစနစ်တွင် ကျေးရွာလူကြီး (သို့မဟုတ်) သက်ကြီးဝါကြီးအဖွဲ့သည် မြေယာချထားပေးခြင်းနှင့် မြေယာအငြင်းပွားမှု ဖြေရှင်းပေးခြင်းများကို တာဝန်ယူ ဆောင်ရွက်သူများ ဖြစ်ပါသည်။ မြေယာအသုံးချပိုင်ခွင့်သည် အမွေဆက်ခံနိုင်သော သဘောလည်းရှိသည်။ လူမျိုးစုအုပ်စုငယ်များတွင် "အဖ" ဖက်လိုက်သော အမွေဆက်ခံမှု ရှိနိုင်ပါသည်။ အိမ်ထောင်စု တစ်ခုစီပိုင်သော မြေကွက်နယ်နိမိတ်စည်းရိုးကိုလည်း တစ်ရွာလုံးက သိထားကြပြီး ဖြစ်ပါသည်။

အခန်း ၂၀၅(ဒုတိယထပ်)၊ တာဝါ "ဘီ"၊
ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့ ၁၁၀၄၁၊
ဖုန်း – ၀၁ – ၅၂၃၉၃၀ ~ ၃၄
(လိုင်းခွဲ) ၃၂၀၅



မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်ကို ထိန်းကျောင်း ပေးသော စနစ်များအပါအဝင် ထုံးတမ်းစဉ်လာများမှာ ယခုအခါ အသွင်ပြောင်းလာခဲ့ပါသည်။ စိုက်ပျိုးရေးစနစ်များလည်း ထို့အတူ ဖြစ်လာပါသည်။ စိုက်ပျိုးရေးနှင့် လူမှုရေး စနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းတို့၏ အထက်တင်ပြပါ အကျပ်အတည်းများကို တစ်ကြိမ်နှင့်တစ်ကြိမ် မတူညီသည့် နည်းလမ်းများဖြင့် အမြဲတမ်း တုန့်ပြန်မှုပြုကြရာ ကျေးရွာများကို စုစည်း၍ ပြန်လည် နေရာချထားပေးလိုက်သော အစီအစဉ်ကို ဆောင်ရွက်သောအခါ ရိုးရာအစဉ်အလာ မြေယာရယူပိုင်ခွင့် နည်းစဉ်များသာမက လူမှုဖူလုံရေး အကာအရံများပါ လျော့လျဲ လာခဲ့ပါသည်။ ဖေါ်ပြပါ လူမှုဖူလုံရေးအကာအရံများနှင့် ရိုးရာအစဉ်အလာ မြေယာရယူပိုင်ခွင့်နည်းစနစ်များကို ပိုမိုကောင်းလာအောင် ဆောင်ရွက်နိုင်ပါမှ ကျေးရွာနှင့် အစိုးရ၏ ဒေသန္တရအုပ်ချုပ်သူများကို ထိထိမိမိ အကူအညီ ရရှိစေကာ တောင်ယာမိသားစုများအတွက်လည်း သာနာညီမျှမှုရှိစွာ မြေယာကိုရရှိစေ၍ စိုက်ပျိုးထုတ်လုပ်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုကို တိုးတက်ကောင်းမွန် လာစေမည် ဖြစ်ပါသည်။

**တောင်တန်းဒေသ မြေယာလုပ်ကိုင် ပိုင်ဆိုင်ခွင့်ကို လွှမ်းမိုးထားသော အချက်အချာ ကျသည့်ဖြစ်ရပ်များ**

- ထုံးတမ်းစဉ်လာ လုပ်ပိုင်ခွင့်စနစ်နှင့် ဥပဒေပြု စည်းမျဉ်းများသည် အစဉ်သဖြင့် တစ်ခုနှင့်တစ်ခု တစ်ထပ်တည်း ကျလေ့ မရှိတတ်ပေ။
- အမြတ်အစွန်းကို ရှေ့ရှုသော စိုက်ပျိုးစီးပွားရေးလုပ်ငန်းသည် တောင်တန်းဒေသရှိ အသေးစားတောင်သူများထံသို့ အခွင့်အလမ်းနှင့် အဟန့်အတားနှစ်မျိုးစလုံးကို ဆောင်းကြဉ်းလာတတ်ပါသည်။
- စိုက်ပျိုးရေးနှင့် သစ်တောမြေများကို မှတ်ပုံတင်ခြင်းအတွက် လက်ရှိလုပ်ငန်းစဉ်များမှာ အပြုသဘော ဆောင်သော်လည်း ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးရန် အဟန့်အတားများကို ကြုံနေရပါသည်။
- အသေးစားတောင်ယာလုပ်သူများ၏ စိုက်ပျိုးရေးစနစ်ကို ဖွံ့ဖြိုးစေရေးအတွက် ပေါ်လစီထောက်ပံ့မှုမှာ ဖြစ်သင့်သော အတိုင်းအတာသို့ ရောက်ရှိ မလာသေးချေ။

## ၂(ခ)။ အစိုးရ၏ မြေယာစီမံခန့်ခွဲမှု အဖွဲ့အစည်းများ

မြန်မာနိုင်ငံရှိ ဧက ၁၆၇ သန်းရှိသော မြေပြင်အားလုံး၏ တစ်ဝက်ခန့်သည် သစ်တောမြေဟု အမျိုးအစားခွဲ၍ သစ်တောရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲပါသည်။ မြေဧရိယာ၏ လေးပုံတစ်ပုံကို စိုက်ပျိုးမြေဟု အမျိုးအစားခွဲ၍ လယ်/ဆည်ဝန်ကြီးဌာနက စီမံခန့်ခွဲပါသည်။ သစ်တောမြေဟု အမျိုးအစားခွဲထားသော မြေ၏တစ်ဝက် (တစ်နိုင်ငံလုံးရှိ မြေဧရိယာ၏ လေးပုံတစ်ပုံ) သည် သစ်တောကြိုးဝိုင်း သို့မဟုတ် အမြဲတမ်းသစ်တောနယ်မြေအဖြစ် သတ်မှတ်တည်ရှိကာ နိုင်ငံတော်ကသာလျှင် စီမံခန့်ခွဲပါသည်။ နိုင်ငံနယ်မြေ၏ ကျန်လေးပုံတစ်ပုံမှာ အခြားဟု ခွဲခြားသတ်မှတ်၍ ၎င်းတို့တွင် မြစ်ချောင်းများ၊ စားကျက်ကွင်းများ၊ သဘာဝတွင်းများ၊ မြို့ရွာလူနေရပ်ကွက်များ စသည်တို့ ပါဝင်ပါသည်။ ကုန်းမြင့်စိုက်ပျိုးမြေကွက်၊ သစ်တောနှင့် အလှည့်ကျလုပ်မြေ အပါအဝင် တောင်ယာများသည် စိုက်ပျိုးမြေဟု အမျိုးအစားခွဲထားသော အတန်းအစား၌ ပါဝင်တတ်သလို သစ်တောမြေစာရင်းထဲ၌လည်း ပါဝင်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် မြေယာအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သည်ဆိုသော်လည်း စိုက်ပျိုးမြေယာပေါ်တွင် တောင်သူလယ်သမားများသည် မြေယာလုပ်ပိုင်ခွင့် ရရှိကြပြီး ၎င်းတို့၏ ဦးပိုင်မြေများပေါ်တွင် စိုက်ပျိုးနိုင်၍ သီးနှံထွက်ရှိလာသော အကျိုးအမြတ်ကို ခံစားနိုင်ပါသည်။ မြေယာလုပ်ပိုင်ခွင့်သည် အမွေဆက်ခံခွင့်ရှိသော်လည်း ဥပဒေအရ မြေယာကို လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း (သို့မဟုတ်) အပေါင်ခံပစ္စည်းအဖြစ် အသုံးချခြင်း ပြုခွင့်မရှိပေ။ အသုံးချခွင့်ရသူသည် ဦးပိုင်မြေကို စိုက်ပျိုးရမည်ဖြစ်ပြီး မစိုက်ပျိုးပါက လက်လွှတ်လိုက်ရနိုင်သည့် အန္တရာယ်လည်း ရှိသည်။ မြေယာစီမံခန့်ခွဲမှုကော်မတီသည် မြေယာကို နည်းမှန်လမ်းမှန် အသုံးပြုစေခြင်းတို့အတွက် တာဝန်ခံရပါသည်။ ထိုကော်မတီတွင် လယ် / ဆည်ဝန်ကြီးဌာန၏ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ဆိုင်ရာ ရပ်ရွာမြို့နယ်တိုင်းဒေသ ဥက္ကဋ္ဌအဆင့်ဆင့်နှင့် အခြားပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။



လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုသည် တံခါးပိတ်ဆိုရှယ်လစ်စနစ်မှ တံခါးဖွင့်ဈေးကွက်စီးပွားရေးဆီသို့ မြန်မာ့စီးပွားရေးဘဝတစ်ခုလုံး လုံးဝဥဿုံ ပြောင်းလဲသွားခဲ့သည့်ကာလ ဖြစ်ပါသည်။ ၁၉၉၀ ခုနှစ်များ၏ အစောပိုင်းကတည်းက လယ်/ဆည်ဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့သည် တိုင်းပြည်၏ သဘာဝအရင်းအမြစ်များ တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ရာတွင် တံခါးဖွင့်ဈေးကွက် စီးပွားရေးစနစ်နှင့် လျော်ညီစွာ ပုဂ္ဂလိက ကဏ္ဍများပါဝင်သည့် စီမံချက်များကို ချမှတ်ခဲ့ပါသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် ဒေသခံလူအများပါဝင်လာစေရန်နှင့် လူမှုရေးသစ်တောကဏ္ဍကို တိုးတက်ဖေါ်ဆောင်ရန် ရည်မှန်းချက်များချမှတ်ခဲ့ပါသည်။ နိုင်ငံရှိ စုစုပေါင်းမြေဧရိယာ၏ ၁၀ ရာနှုန်းကို အသေးစားတောင်သူများကိုယ်တိုင် စီမံအုပ်ချုပ်နိုင်သည်အထိ သက်ရောက်မှုရှိသော ဘက်စုံသုံးစိုက်ပျိုးရေးနှင့် သစ်တောတွဲဖက်လုပ်ငန်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများကို လျာထားသတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။



## ၂(ဂ)။ စီးပွားရေးအမြတ်ထုတ်မှုသို့ ရှေ့ရှုသော စိုက်ပျိုးရေး လုပ်ငန်းများပေါ်ထွန်းလာခြင်း

နိုင်ငံ့စီးပွားရေး မဏ္ဍိုင်ကြီးများအနက် တစ်ခုဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့်အနေဖြင့် နိုင်ငံတော်အစိုးရသည် မြေဧရိယာတိုးချဲ့ရေးနှင့် ထုတ်လုပ်မှု တိုးမြှင့်ရေးကို ရည်ရွယ်၍ စီးပွားရေးလုပ်ငန်းရှင်များအား မြေလွတ် မြေလပ်များ ချထားပေးခဲ့ပါသည်။ ယင်းသို့ အစိုးရက လယ်ယာမြေဧရိယာ တိုးချဲ့လုပ်ကိုင်ကြရန် ရည်ရွယ်ချက်ထား၍ ဆောင်ရွက်ခြင်းမှာလည်း ၁၉၉၀ ခုနှစ်၏ ဆန်းစစ်ချက်အရ နိုင်ငံအတွင်း၌ စိုက်ပျိုးမြေအဖြစ် သတ်မှတ်ထားသော မြေဧရိယာဧကသန်း ၂၀ အားလုံးကို နိုင်ငံအတွင်း၌ ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိကြဟု ထင်မြင်ထားသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဖေါ်ပြပါမြေများအနက် တိုးချဲ့နိုင်သည်တို့ကို စိုက်ပျိုးနိုင်သော မြေရိုင်းဟု သတ်မှတ်လိုက်ပါသည်။ ၁၉၉၁ ခုနှစ်တွင် မြေလွတ် မြေလပ် မြေရိုင်းများနှင့်စပ်လျဉ်း၍ လယ်ယာမြေ စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ဖွဲ့စည်းထားသောဗဟိုကော်မတီသည် ချမှတ်ထားသော လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများအရ စီးပွားရေးကုမ္ပဏီများကို တစ်ကြိမ်လျှင် စိုက်ပျိုးမြေဧက ၅၀၀၀ အထိ စိုက်ပျိုးရန်လျှောက်ထားခွင့်ပြုပြီး စုစုပေါင်း ဧက ၅၀၀၀၀ အထိ ရယူစိုက်ပျိုးနိုင်ခွင့် ချပေးခဲ့ပါသည်။ သတ်မှတ်ထားသော နှစ်ရှည် စက်မှုကုန်ကြမ်း သီးနှံများဖြစ်သော ရော်ဘာ၊ ဆီအုန်းတို့ကို အနှစ် ၃၀ စိုက်ပျိုးလုပ်ကိုင်ခွင့် ချပေးပါသည်[၇]။ (ဤသတ်မှတ်ချက်သည် ဆိုရှယ်လစ်ခေတ်တွင် အိမ်ထောင်စုတစ်ခုလျှင် စပါးစိုက်ရန် အများဆုံး ဧက ၅၀ ထိနှင့် ကျန်သီးနှံများ အတွက် ၎င်းထက်လျော့၍ သတ်မှတ်ပေးမှုနှင့် သိသိသာသာကွဲလွဲလှပေသည်။) ၂၀၁၀ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုအတွင်း၌ ကုမ္ပဏီပေါင်း ၂၁၆ ခုကို မြေဧကပေါင်း ၁၇၂၈၂၆၉ ကို ချထားပေးခဲ့ပါသည်[၈]။

အမြတ်အစွန်းကို ရှေ့ရှုသော စိုက်ပျိုးစီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာမှုသည် တောင်ပေါ်ဒေသရှိ အသေးစားတောင်သူထံသို့ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများပါ ဆောင်ကြဉ်းလာပါသည်။ အသေးစားတောင်သူများသည် ကန်ထရိုက်စိုက်ပျိုးရေးစနစ်အရ ကုမ္ပဏီများနှင့် တွဲဖက်ဆောင်ရွက်လျှင် ကုမ္ပဏီမှ စိုက်ပျိုးရေးသွင်းအားစုနှင့် ဈေးကွက်ကိုပံ့ပိုးပေးနိုင်ပြီး တောင်သူအဖို့ ၎င်းတို့မတတ်နိုင်သော ပံ့ပိုးပစ္စည်းများကို ရစေနိုင်ပါသည်။ သို့ရာတွင် ကန်ထရိုက်အစီအမံသည် မြေယာလုပ်ကိုင် ပိုင်ဆိုင်ခွင့်ကို အာမခံချက် မပေးလျှင်ဖြစ်စေ၊ ဆုံးရှုံးမှုအန္တရာယ်ဝန်ထုတ်ဝန်ပိုးကို ရရစားစား တောင်သူခေါင်းပေါ် ပုံပြီးတင်ပေးလိုက်လျှင် ဖြစ်စေ အခြေအနေမှာ အဆိုးဖက်သို့ ရောက်သွားနိုင်သည်။ မြန်မာ့တောင်တန်းဒေသ၌ အသေးစားတောင်သူများအတွက် အကျိုးအမြတ်များ ထွက်ပေါ်စေသည့် ကန်ထရိုက်စိုက်ပျိုးရေး၏ ဖြစ်စဉ်များလည်း မတွေ့ရသေးပေ။

တောင်ယာစိုက်ပျိုးနေသော မြေကွက်တစ်ခုသည် အချိန်တန်၍ မြေလုပ်အနားပေးထားသောအခါ ၎င်းလုပ်မြေသည် စိုက်ပျိုးနိုင်သော မြေရိုင်းအောက်၌ စာရင်းဝင်သွားပါသည်။ ထိုအခါ စီးပွားရေးလုပ်ငန်းရှင်များသို့ ချထားပေးနိုင်သည့် မြေရိုင်းများအဖြစ် သတ်မှတ်ခံရနိုင်ပါသည်။ တောင်ယာမြေကွက်ကို တရားဝင် ဦးပိုင်ပေါက် မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ရိုးရာစားကျက်ကွင်းများ အပါအဝင် တောင်ယာကွက်များသည် မြေရိုင်းအမျိုးအစား၌ သွတ်သွင်းခံရနိုင်သည့် အနေအထားကိုရောက်ရှိသွားပါသည်။ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းသည် မြေယာကျယ်ကျယ်ပြန့်ပြန့် ယူထားပြီး ၎င်းတို့ကို အလှည့်ကျမြေလုပ် အနားပေးစိုက်ပျိုးခြင်း စနစ်ဖြင့်ဖွဲ့စည်းဆောင်ရွက်ရသောကြောင့် ဖေါ်ပြပါလုပ်မြေများကို စီးပွားရေးလုပ်ငန်းရှင်များအား ချထားပေးလိုက်လျှင် တောင်တန်းဒေသရှိ တောင်ယာလုပ်ကိုင်သော အိမ်ထောင်စုများသည် မြေလုပ်အနားပေးစနစ်ဖြင့် တောင်ယာလုပ်ကိုင်ရန် မြေယာရရှိမှု အခွင့်အလမ်းများ နည်းပါးလာနိုင်ပါသည်။

တောင်ယာမြေအများစုအား ကွင်းထွက်မြေပုံထုတ်ခြင်း၊ ဦးပိုင်မှတ်ပုံတင်ခြင်းတို့ကို တရားဝင် ဆောင်ရွက်လေ့မရှိပေ။ အမြတ်အစွန်းကို ရှေ့ရှုသော စိုက်ပျိုးစီးပွားရေးလုပ်ငန်းကို အခြေခံသည့် ဈေးကွက်စီးပွားရေးသို့ လျင်မြန်စွာ ပြောင်းလဲသွားခြင်းကို ကြုံလာရသောအခါ တောင်ယာမြေ လုပ်ပိုင်ခွင့်သည် ကြန့်ကြန့်ခံနိုင်စွမ်း မရှိတော့ပေ။



## ၂(ဃ)။ ကျေး/ မြေဌာန၏ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း

တောင်ယာမြေကို နှစ်စဉ်စည်းကြပ်၍ မြေခွန်နှုန်းထား သတ်မှတ်ရာ၌ ကျေးရွာတစ်ခုလုံးကို ခြုံငုံကြည့်ခြင်း၊ ကျေး/မြေဌာနက ကွင်းနင်းတိုင်းတာခြင်း၊ သတ်မှတ် ဖေါ်မြူလာများ အသုံးချခန့်မှန်းခြင်း စသည်တို့အပေါ် အခြေခံဆောင်ရွက်သော်လည်း အမှန်တကယ်တွင်မူ တောင်ယာမြေအများစုကို ကွင်း၊ အကွက်မြေပုံများ ဖွဲ့စည်းပြုလုပ်ခြင်း၊ မြေယာမှတ်ပုံတင်စာရင်းများ ပြုလုပ်ခြင်းတို့ဖြင့် ဆောင်ရွက်လေ့မရှိပေ။ ကျေး/မြေ ဝန်ထမ်း၏ ကွင်းနင်းမှတ်စုစာအုပ်တွင် ကျေးရွာနယ်နိမိတ် အမှတ်အသားများနှင့် ပုံကြမ်းများထုတ်ခြင်း၊ လက်ရှိနှစ်အတွင်း အိမ်ထောင်စုတစ်ခုချင်းအလိုက် လုပ်ကွက်စာရင်းနှင့် စုစုပေါင်းစိုက်ဧကတို့ကို တစ်ရွာစီအတွက် မှတ်သားပြီး နှစ်စဉ်စာရင်း ကိုက်ညီခြင်းတို့ကို ဆောင်ရွက်၍ မှတ်တမ်းတင်ပါသည်။ သို့ရာတွင် ဦးထောင်စုတစ်ခုစီ၏ ဦးပိုင်အလိုက် အမှန်တကယ် မြေကွက်နယ်နိမိတ်များကို တိုင်းတာ ဖေါ်ပြထားခြင်း မရှိပေ။ ကျေး/မြေအမှုထမ်း၏ ဤကွင်းနင်းမှတ်စုစာအုပ်သည် တောင်ယာအတွက် တစ်ခုတည်းသော တရားဝင်မှတ်တမ်းဖြစ်သည်။ မြေယာမှုခင်းများကို ဖြေရှင်းရန် တစ်စိတ်တစ်ဒေသ အထောက်အထားအဖြစ် မြေယာစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် အသုံးပြုနိုင်သော်လည်း ဦးပိုင်များကို အမှန်တကယ်ဖေါ်ပြထားခြင်းမရှိ၍ မြေယာပြဿနာဖြစ်လျှင် ဥပဒေကြောင်းအရ အသုံးမပြုနိုင်ပေ။ အမြတ်အစွန်းကိုရှေ့ရှုသော စိုက်ပျိုးရေးလုပ်ငန်းများ ဝင်မလာမီအထိ တောင်ယာမြေမှာလည်း စီးပွားရေး၊ တန်ဖိုးများများ မရှိသောကြောင့် ကွင်းဆင်းမှတ်စုစာအုပ်ကဲ့သို့သော ယေဘုယျမှတ်တမ်းတစ်ခုဖြင့် အလုပ်ဖြစ်ပါသည်။ သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းလာခဲ့ပြီး စိုက်ပျိုးရေးကို စီးပွားရေးဆန်ဆန်လုပ်လာသော လုပ်ငန်းရှင်များ ဝင်လာသောအခါ အသေးစားတောင်ယာလုပ်သူများသည် တောင်ယာမြေကွက်များကို ကြာကြာထိန်းထားနိုင်တော့မည် မဟုတ်ပေ။

## ၂(င)။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းဆိုင်ရာညွှန်ကြားချက်များ

ဒေသခံပြည်သူများပါ သစ်တောကိုထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းတို့တွင် ပါဝင်ဆောင်ရွက်လာနိုင်ရန် အထောက်ပံ့ညွှန်ကြားချက်ကို ၁၉၉၅ ခုနှစ် သစ်တောရေးရာပေါ်လစီနှင့် တစ်နှစ်တည်းထုတ်ပြန်ခဲ့ပါသည်။ ဤညွှန်ကြားချက်သည် သစ်တောရေးရာ၌ ထင်ရှားသောမှတ်တိုင်ကြီးတစ်ခု ဖြစ်လာခဲ့ပေသည်။ အဘယ်ကြောင့်ဆိုမူ ဤပြဋ္ဌာန်းချက်နှင့်အညီ ကျေးလက်အိမ်ထောင်စုများသည် သစ်တောမြေတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ရန် တရားဝင်သုံးစွဲပိုင်ခွင့်လက်မှတ်များကို ပထမဆုံးအကြိမ် ရယူလာနိုင်ခဲ့ပါသည်။ တာဝန်ယူမှုနှင့် အကျိုးအမြတ်ကို မျှဝေနိုင်ရေး ကြိုးပမ်းချက်အဖြစ် သစ်တော အသုံးပြုသူအဖွဲ့ (အက်ဖ်ယူဂျီ) ကို ဖွဲ့စည်းခွင့်ပေးကာ သစ်တောဦးစီးဌာနက အတည်ပြုပေးသော အစုအဖွဲ့၏ တင်ပြလာသည့် စီမံချက်အပေါ် အခြေခံပြီး အနှစ် ၃၀ အသုံးပြုနိုင်မှုအခွင့်အရေးကို ရယူနိုင်ပါသည်။ ဤအခွင့်အရေးကို ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ် (စီအက်ဖ်စီ) ၌မှတ်တမ်းတင် ဖေါ်ပြထားရှိပါသည်။

ဤညွှန်ကြားချက်များကို ထုတ်ပြန်ပြီးနောက်ပိုင်း၌ အစိုးရအဖွဲ့ဝင်များ၊ ယူအင်နှင့် အင်ဂျီအိုအဖွဲ့တော်တော်များများသည် မြစ်ဝကျွန်းပေါ်၊ တောင်ပေါ်နှင့် အပူပိုင်းဇုံတို့ပါမကျန် နိုင်ငံအဝှမ်း ဖုံနယ်မြေအားလုံးတွင် ဤညွှန်ကြားချက်များကို အသုံးချ၍ လုပ်ငန်းများကို အကောင်အထည်ဖေါ် ဆောင်ရွက်လာကြပါသည်။ စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်ဖ်အက်စ်ဒဗလျူဂျီ) ၏ ဝမ်းစာဖူလုံရေး စီမံကိန်းများကို အကောင်အထည်ဖေါ်ရန် စွမ်းဆောင်ရည် တည်ဆောက်မှုများမှတစ်ဆင့် အဖွဲ့အစည်းတော်တော်များများသည် အတူတကွပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်းကို တောင်သူသင်တန်းကျောင်းလမ်းကြောင်းဖြင့် ချဉ်းကပ်အကောင်အထည်ဖေါ်ခဲ့ကြပါသည်။ စီအက်ဖ်စီ လုပ်ငန်းနည်းစဉ်အတိုင်း ကျေးရွာများကို လိုအပ်သော လမ်းညွှန်ချက် အဆင့်ဆင့်များပေး၍ တောင်သူများကို ပူးပေါင်းပါဝင်လာစေနိုင်ခဲ့ပါသည်။ အစိုးရဌာနများ၊ အခြားယူအင် အင်ဂျီအိုကဲ့သို့သော အဖွဲ့အစည်းများနှင့် ကျေးရွာ အစုအဖွဲ့များ၏ အထောက်အပံ့ကြိုးပမ်းချက်များကြောင့် ၂၀၁၀ ခုနှစ်တွင် မြန်မာ့မြေ ဟက်တာပေါင်း ၄၁၉၅၀ (ဧက ၁၀၃၁၉၇)ကို အစုအဖွဲ့ဆိုင်ရာသစ်တောများအဖြစ် စိုက်ပျိုး တည်ထောင်လာနိုင်ခဲ့ပါသည်။

ဤညွှန်ကြားချက်များသည် အပြုသဘောဆောင်၍ အသေးစားတောင်ယာလုပ်ကိုင်သူများအဖို့ မြေယာရယူနိုင်ရေး အာမခံချက်ကိုပေးနိုင်ကာ ကြိုဆိုထိုက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်လာပါသည်။ ၂၀၀၉ ခုနှစ်၌ ကျင်းပခဲ့သော ပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေးပွဲရလဒ်များအရ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများသည် သစ်တောမြေနှင့် ထုတ်ကုန်များကို ရယူနိုင်စေသည်သာမက လူမှုရေးပိုင်း၌ စုစည်းအား တိုးမြှင့်လာခြင်း၊ အသိအမြင်နှင့် ကျွမ်းကျင်မှု ပိုကောင်းလာခြင်း၊ ရေအရင်းအမြစ်ကို ထိန်းသိမ်းပေးခြင်းနှင့်အတူ ပတ်ဝန်းကျင်၏အကျိုးကို ခံစားလာရခြင်းစသော အကျိုးအမြတ်များကိုပါ အသေးစားတောင်သူများ ရရှိခဲ့ပါသည်[၆]။ သို့သော် ဖေါ်ပြပါဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော် ဆောင်ရွက်သင့်သလောက် ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ အကြောင်းရင်းမှာ ဒေသခံပြည်သူများ၊ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ရရှိရန် ဆောင်ရွက်ရမည့် ညွှန်ကြားချက်ပါလုပ်ငန်းစဉ် အဆင့်ဆင့်ကို ကူညီပံ့ပိုးသူများ၊ အနေဖြင့် ရှင်းရှင်းလင်းလင်းနားလည်စွာ ဆောင်ရွက်နိုင်မှုအားနည်းခြင်းကြောင့် ဖြစ်သည်။ ဒေသခံအစုအဖွဲ့ပိုင်သစ်တော စီမံအုပ်ချုပ်သည့် စီမံချက်ကို ရေးဆွဲရာတွင် ဒေသခံပြည်သူအချင်းချင်း၊ ကျေးရွာအချင်းချင်း၊ ကျေးရွာအတွင်းရှိ အစုအဖွဲ့ဝင် အချင်းချင်းနှင့် သစ်တောဌာန တာဝန်ရှိသူများ (သို့မဟုတ်) ဒေသခံအာဏာပိုင်များအကြား အပြန်အလှန် အကြေအလည် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ခြင်းတို့ကြောင့် ကူညီပံ့ပိုးသူများတွင် ပေါင်းစပ်ညှိနှိုင်းရေးစွမ်းရည် အထူးတလည် မြင့်မားရန် လိုအပ်နေပါသည်။ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအောင်မြင်ရေးအတွက် တစ်ဦးချင်း တစ်ဖွဲ့ချင်း တွင် မိမိကိုယ်ကို မိမိယုံကြည်ကိုးစားမှုများနှင့် အပြန်အလှန် နားလည်ယုံကြည်မှုရရှိရန်လည်း လိုအပ်နေပါသည်။

စိုက်ပျိုးမြေနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောမြေများကို မှတ်ပုံတင်နိုင်သည့် လက်ရှိ လုပ်ငန်းစဉ်များမှာ အပြုသဘော ဆောင်သော်လည်း အလှည့်ကျ မြေလုပ်စိုက်ပျိုးခြင်းစနစ်ကို မြေယာလုပ်ပိုင်ခွင့် အာမခံချက်ပေးနိုင်ရေးအတွက် သင့်တော်လျောက်ပတ်သည့် ကျယ်ပြန့်သော မူဘောင်များ ချမှတ်ထားခြင်း မရှိသေးပေ။

## ၂(စ)။ အလှည့်ကျသစ်တောမြေလုပ်အနားပေးစနစ်နှင့် ပေါ်လစီ

တောင်ပေါ်ဒေသရှိ သီးနှံတွဲဖက်သစ်တောတွင် အလှည့်ကျ မြေလုပ်အနားပေးစနစ်များသည် အမျိုးမျိုးကွဲပြားခြားနားခြင်း၊ ရှုပ်ထွေးခြင်းနှင့် နေရာဒေသကိုလိုက်၍ လိုက်လျောညီထွေမှုပြုတတ်ခြင်း သဘောသဘာဝရှိပါသည်။ တောင်ယာလုပ်ငန်းနည်းဗျူဟာတွင် ရာသီပင်နှင့် နှစ်ရှည်ပင်များ တွဲဖက်ဖစိုက်ပျိုးခြင်းတို့အပြင် တိရစ္ဆာန်မွေးမြူခြင်း၊ သစ်တောနှင့် တောင်ယာကို အသုံးချခြင်း၊ စိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း၊ တောထွက်ပစ္စည်းရှာဖွေခြင်း စသည့်လုပ်ငန်းများကို တစ်ခါတစ်ရံ လူအစုအလိုက်၊ တစ်ခါတစ်ရံ တစ်ဦးချင်းအလိုက် ဆောင်ရွက်ကြပါသည်။ တောင်ယာစုတ်သူတို့သည် သီးနှံစိုက်ပျိုးကာလနှင့် သစ်တောပြန်ဖြစ်လာမည့် လုပ်မြေကာလကို အလှည့်ကျထားပြီး ဆောင်ရွက်ကြပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် မြေယာဦးပိုင်ပေါက် မှတ်ပုံတင်ခြင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များသည် တောင်သူများကို မြေယာလုပ်ပိုင်ခွင့် ခိုင်မာသေချာစေရန် အကူအညီပေးသော ပေါ်လစီနှင့် နည်းလမ်းများ ဖြစ်ကြပါသည်။ လက်တွေ့ဆောင်ရွက်ရာတွင်မူ



အခက်အခဲ အပဟန့်အတားများ ရှိနေပါသည်။ မြေယာအသုံးပြုမှု နည်းလမ်းနှစ်ခုစလုံးမှာ စရိတ်ကြီးမြင့်၍ အချိန်ကြာရှည်ကာ အသေးစားတောင်သူများအတွက် ရှုပ်ထွေးသောအဆင့်များ ခံနေပါသည်။

ထို့ပြင် စိုက်ပျိုးမြေကို ဦးပိုင်ဖေါက်ခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားလွှာများသည် သူ့နည်းသူ့ဟန်အသုံးဝင်သော်လည်း နည်းလမ်း နှစ်ခုစလုံးသည် အလှည့်ကျမြေလုပ်အနားပေး တောင်ယာစနစ် အတွက်မြေယာလုပ်ပိုင်ခွင့် အာမခံချက်ရရှိစေသော ရှင်းလင်းပြတ်သားသည့် မူဘောင်များ မပါရှိပေ။ လက်ရှိဖြစ်စဉ်မှာ သစ်တောနှင့် စိုက်ပျိုးရေးကို တစ်မျိုးတစ်ဘာသာစီယူဆပြီး ပိုင်းခြားထားသောကြောင့် စိုက်ပျိုးမြေနှင့်သစ်တောမြေဟူ၍ အသီးသီးသတ်မှတ်ထားချက်နှင့်အညီသာ ဆောင်ရွက်နိုင်ပါသည်။ တောင်ပေါ်ဒေသကျေးရွာများအဖို့မူ သစ်တောမြေဟု သတ်မှတ်ထားသောနေရာတွင် တောင်ယာလုပ်ကိုင်ခြင်း(သို့မဟုတ်)အမြဲတစေ လယ်တီထွင်၍ စိုက်ပျိုးခြင်းရှိသလို စိုက်ပျိုးမြေဟု သတ်မှတ်ထားသောနေရာတွင် သစ်တောအုပ်တည်ထောင်ခြင်း (သို့မဟုတ်) ထိန်းသိမ်းထားခြင်းတို့ကိုလည်း တွေ့နိုင်ပါသည်။ ယခုမူ စိုက်ပျိုးရေးနှင့်သစ်တောဟူ၍ ကဏ္ဍခြားပညတ်ထားသည့် အပဟန့်အတားရှိနေသောကြောင့် စိုက်ပျိုးရေး၊ သစ်တောနှင့်သီးနှံနှင့် သစ်တောတွဲဖက် (agroforestry) တို့ကိုလိုအပ်သလို အလှည့်အပြောင်း ပေါင်းစပ်လုပ်ကိုင်နိုင်သည့် တောင်တန်းဒေသရှိ အမျိုးမျိုးသော တောင်ယာလုပ်ငန်းများအတွက် မြေယာလုပ်ပိုင်ခွင့်ကို အလုံအလောက် ကာကွယ်ပံ့ပိုးပေးနိုင်ခြင်း မရှိပေ။

ရာစုနှစ်တစ်ခုအလွန် ကိုလိုနီအုပ်ချုပ်ရေးခေတ်ကတည်းက ချမှတ်ခဲ့သော မြေယာအမျိုးအစားနယ်ပယ်သတ်မှတ်ချက်သည် အချို့သော မြေယာအသုံးချနေမှုလက်တွေ့ဖြစ်စဉ်များနှင့် ကိုက်ညီမှု မရှိတော့သလိုမြေ၏ ဂေဟဗေဒသွင်ပြင်လက္ခဏာများနှင့် အညီကျင့်သုံးနိုင်စွမ်းမရှိတော့ပေ။ လက်ရှိမြေ အမျိုးအစားခွဲခြားသတ်မှတ်မှုသည် တောင်သူလယ်သမားကိုအကာအကွယ်ပြုပေးနိုင်သော အစီအစဉ်များထည့်ပေးထားသော်လည်း၊ တောင်ယာစိုက်ပျိုးသူများကိုမူ ရေရှည်တည်တန့်သော မြေအသုံးချမှုနှင့် မြေယာလုပ်ပိုင်ခွင့်အာမခံပေးနိုင်မှုတို့တွင် မရည်ရွယ်ခဲ့ဘဲ ထိခိုက်စေခဲ့ပါသည်။

အစိုးရ၏ တောင်ပေါ်ဒေသဖွံ့ဖြိုးရေးပေါ်လစီမှာ တောင်ယာခုတ်၍ အလှည့်ကျမြေလုပ်အနားပေး စနစ်(ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်) မှ အမြဲတမ်းစိုက်ပျိုးစနစ် (လှေကားထစ်လယ်ယာ)သို့ အသွင်ပြောင်းပေးခြင်း ဖြစ်ပါသည်။ တောင်ယာစနစ်သည်ကူးပြောင်းသောသဘောကိုဆောင်၍ ထုတ်လုပ် နိုင်မှုစွမ်းရည်ကို ထိန်းသိမ်းထားရန် ပြောင်းလဲသော အခြေအနေနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရသည့်စနစ်ဖြစ်ပါသည်။ သို့ရာတွင် ရှေ့နောက် အဆက်အစပ်များအရ တောင်ယာစိုက်ပျိုးရေးအတွက် အမြဲတမ်းစိုက်ကွက်များကို ထူထောင်ခြင်းသည် အထွက်ပို၍ရေရှည်တည်တန့်စေရေးအတွက် အထောက်အပံ့ဖြစ်နိုင်မည့် အကောင်းဆုံးနည်းလမ်း တစ်ခုဟူ၍ကားမဆိုသာပေ။ ထို့အပြင် ဂရုတစိုက်ကြပ်မတ်ပြီး ဆောင်ရွက်နိုင်ခြင်းမရှိပါက ယခုလိုပေါ်လစီသည် တောင်ယာလုပ်သူများ၏ မြေယာရပိုင်ခွင့်အပေါ် ဆိုးကျိုးသက်ရောက် စေနိုင်ပါသည်။

အချို့ဖြစ်ရပ်များတွင် အလှည့်ကျမြေလုပ်ပေးသောတောင်သူများအား သစ်တောများကို ထိန်းသိမ်း စောင့်ရှောက်သော သစ်တောထိန်း သို့မဟုတ် အလှည့်ကျသစ်တောများ စီမံအုပ်ချုပ်သူဟု ရှုမြင်ယူဆ နိုင်လျှင်ပို၍မှန်ကန်ပါသည်[၁၀]။ တောင်ယာအားလုံးကို အမြဲတမ်းအကွက်များဖြစ်ရေးသို့ အဓိကရှေ့ရှု၍ ပြောင်းပေးမည့်အစား ရေရှည်တည်တန့်၍ ထုတ်လုပ်မှုကောင်းသောသစ်တောနှင့် မြေယာစီမံခန့်ခွဲမှု (အလှည့်ကျ မြေလုပ်ခြင်းလုပ်ငန်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) ကိုအလေးထားရှုမြင်ခြင်းသည်သာ အားလုံးကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုပြီး ဒေသအလိုက် မြေယာလုပ်ပိုင်ခွင့်စည်းမျဉ်းဓလေ့များနှင့်အညီ လျော်ကန် သင့်မြတ်နိုင်သော ပေါ်လစီတစ်ရပ် ဖြစ်လာစေနိုင်ပါသည်။

## ၃။ ဝမ်းရေးဖူလုံစိတ်အေးရသော အနာဂတ်အတွက် မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုဆီသို့ ဦးတည်လျှောက်လှမ်းရေး

### ၃(က)။ လုပ်ပိုင်ခွင့်နှင့် လူမှုအဖွဲ့အစည်းများ၏ စည်းမျဉ်းဘောင်များ

မူဝါဒအပြောင်းအလဲများနှင့် အကျပ်အတည်းများကြားမှ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နေရသော အခြေအနေတွင် မြန်မာ့တောင်တန်းဒေသ အိမ်ထောင်စုများသည် အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ကူညီပံ့ပိုးမှုများ လိုအပ်နေပါသည်။ အဆိုပါတို့၏ ကူညီပံ့ပိုးမှုဖြင့် ပစ္စည်းသွင်းအားစု၊ အကြားအမြင်ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အဖွဲ့အစည်းများဆိုင်ရာ စည်းမျဉ်းမူဘောင်များ ရရှိလာလျှင် အိမ်ထောင်စုများအဖို့ဝမ်းရေးဖူလုံမှုကို မယုတ်လျော့စေဘဲ အပြောင်းအလဲကာလကို ချောမောစွာ ဖြတ်ကျော်စေနိုင်မည် ဖြစ်ပါသည်။ အဓိကလိုအပ်သော အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းမူဘောင်မှာ မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အာမခံချက် ဖြစ်ပါသည်။ မြေယာလုပ်ပိုင်ခွင့်ကို အားပေးမြှင့်တင်နိုင်ရန်နှင့် တောင်ပေါ်ဒေသ၏ ဝမ်းစာဖူလုံရေး အခြေခံအုတ်မြစ်ကိုတည်ဆောက်လာနိုင်စေရန် လိုအပ်နေသည့် ပေါ်လစီနှင့် လက်တွေ့ကျင့်စဉ်များသည် အောက်ပါအစီအမံနှင့် အင်္ဂါရပ်များ ပါဝင်သင့်ပေသည်။

- တောင်ယာစိုက်ပျိုးလုပ်ကိုင်သူများအား စိုက်ပျိုးမြေနှင့် သစ်တောနှစ်ခုစလုံးကို တစ်ခါတစ်ရံ ခွန်တွဲ၍ ဖြစ်စေ၊ တစ်ခါတစ်ရံ အလှည့်ကျထား၍ဖြစ်စေ အသုံးပြုနိုင်ခွင့်ပေးသော အလုံးစုံခြုံငုံစဉ်းစားထားသည့် ပေါ်လစီမူဘောင်များ။



အလှည့်ကျမြေလုပ်ခြင်းနှင့် တည်မြဲသော စိုက်ပျိုးခြင်းနှစ်မျိုးစလုံးကို ပေါင်းစပ်ထားသော ဘက်စုံသီးနှံ သစ်တောရောနှောစနစ် ရေရှည်တည်တန့်ရေးနှင့် အထွက်ကောင်းရေးအတွက် တောင်သူ၏ ထိုးထွင်းကြံဆမှုများကို အားပေးကြပါ။

- ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့် ဥပဒေများကို တရားဝင်အသိအမှတ်ပြု၍ အဆုံးအဖြတ်များ ချမှတ်ရာတွင်လည်း ဓလေ့ထုံးတမ်းလာအဖွဲ့အစည်းများက တာဝန်ခံဆောင်ရွက်ပေးနိုင်စေသော ဥပဒေစည်းမျဉ်းများ။
- လုပ်ပိုင်ခွင့် အာမခံချက်များသည် သာနာညီမျှမှုရှိ၍ အခွင့်ထူးခံအတွက်မဟုတ်ဘဲ တစ်ရွာလုံးအတွက် အကျိုးပြုရေး။
- စိုက်ပျိုးမြေနှင့် သစ်တောမြေတို့ကို တရားဝင်မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရိုးရှင်း၍ လက်တွေ့ကျပြီး စိုက်ပျိုးရေး၊ သစ်တောနှင့် သီးနှံတွဲဖက်သစ်တော (agroforestry) အားလုံးအတွက် မြေယာကို ဆက်စပ်အသုံးချနိုင်ရန် ခွင့်ပြုသော လုပ်ငန်းစဉ်များ။
- မြေယာကျူးကျော်သူများ ဝင်ရောက်လာလျှင် တားဆီးခုခံနိုင်ရန် တောင်သူများအား လုံလောက်သော လုပ်ကိုင်ခွင့်အာမခံချက်များနှင့် နောက်ကြောင်းပြန် ဖြစ်ရပ်များ အတွက် ထောက်ပံ့ကူညီနိုင် သည့် လုပ်နည်းလုပ်ဟန် အစီအမံများ။
- စိုက်ပျိုးရေးနှင့် သစ်တောအခြေပြုအသက်မွေးဝမ်းကျောင်းအတွက် သွင်းအားစုများရယူနိုင်မှုနှင့် ၎င်းတို့မှထွက်ပေါ်လာသော အကျိုးအမြတ်ကို ခံစားနိုင်ရန်အာမခံမှုများ။

လယ်ယာကဏ္ဍအပေါ် မကြာသေးမီက သုံးသပ်ထားသော အစီရင်ခံစာ၌ လုပ်သာရှားသာမရှိသော ခက်ခဲသည့် အိမ်ထောင်စုများအတွက် မြေနှင့် အရင်းအမြစ်များ ပိုမိုရရှိရေးကိစ္စကို အောက်ပါအတိုင်း တင်ပြခဲ့ပါသည်။

> မြန်မာနိုင်ငံတွင် ဆက်လက်စိုက်ပျိုးနိုင်သေးသော မြေဧက ၇ သန်းကျော်ရှိပေသေးရာ အချို့ကို စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွင် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ချေ ရှိနေပါသည်။ ဤတွင် မြေယာလက်မဲ့များ၊ အသေးစားနှင့် ကျပ်တည်းနေသော အိမ်ထောင်စုများ၊ လူမျိုးစုအုပ်စုငယ်များအတွက် မြေနှင့် ရေအရင်းအမြစ်များ ရယူနိုင်ခွင့် ပိုမိုကောင်းမွန်အောင် လုပ်ပေးနိုင်ပါလျှင် တစ်နိုင်ငံလုံးအတိုင်းအတာအရ အမျိုးသားရေး အကျိုးအမြတ် ပိုမိုရရှိလာစေပါမည်။ ရေရှည်တည်တန့်သောအကျိုးကို ရစေပါမည်။ ငွေအရင်းအနှီး၊ ကျွမ်းကျင်မှုနှင့် နည်းပညာတို့ကို ပိုမိုတိုးမြှင့်ပြီးရရှိလာလျှင် ဆင်းရဲကျပ်တည်းပြီး အားကိုးရာမဲ့ အိမ်ထောင်စု များအဖို့ အချိန်တိုတိုအတွင်း ဆင်းရဲခြင်းအဆိုးသံသရာမှ လွတ်မြောက်လာနိုင်စေမည် ဖြစ်ပါသည်၁၁။

## ၃(ခ)။ ရှေ့ဆက်၍ ဆင်ခြင်သုံးသပ်ပေးရန်အချက်များ

အလားအလာကောင်းများဆီ ဦးတည်လှုပ်ရှားနိုင်ရန် ဆွေးနွေးတိုင်ပင်အပ်သော အချက်များနှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများအားလုံး စုပေါင်းဆောင်ရွက် လာနိုင်ရေးနှင့် စပ်လျဉ်း၍

- အစိုးရဌာန၊ ပုဂ္ဂလိက၊ ဒေသခံအစုအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ပတ်သက်သူအားလုံး ထိတွေ့နှီးနှောဖလှယ်သော အစီအစဉ်များမှ တစ်ဆင့် သတင်း အချက်အလက်များ မျှဝေခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း။
- တောင်ယာစိုက်ပျိုးသူများကိုယ်တိုင် ဒုတိုက်ဆွေးနွေးပွဲများနှင့် ဆက်စပ်ပတ်သက်သူအပေါင်း၏ နှီးနှောပွဲများ၌ ပါဝင်လာစေပြီး ပေါင်းစပ်လာနိုင်မှုကို တိုးမြှင့်ပေးခြင်း။
- တိုင်းရင်းသား လူမျိုးစုတို့၏ဓလေ့ထုံးတမ်းစဉ်လာ မြေယာအုပ်ချုပ်စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ဒေသန္တရ နည်းပညာနှင့် တောင်သူ၏ တီထွင်ကြံဆမှုများကို စီမံမှုများကို စီမံရေး အရ တန်ဖိုးထားပေးခြင်း အပြင် တိုင်းရင်းသားလူမျိုးစုများ၏ တောင်ယာရိုးရာယဉ်ကျေးမှု အမွေအနှစ်တို့ကိုလည်း တန်ဖိုးထား ထိန်းသိမ်းပေးခြင်း။

၂။ ပေါ်လစီနှင့် စပ်လျဉ်း၍

- အောက်ခြေအဆင့်မှစ၍ ပါဝင်ပတ်သက်သူများသည် အပေါ်သို့အဆင့်ဆင့်တက်ကာ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ရေးဆွဲခြင်းဖြင့် ရှင်းလင်းပြီး ကျယ်ပြန့်စုံလင်သော မြေအသုံးချရေး မူဝါဒများထွက်ပေါ်လာရေး။
- လက်ရှိမြေယာ လုပ်ပိုင်ခွင့်လုပ်ငန်းစဉ်များကို အလွယ်တကူချဉ်းကပ်နိုင်စေ၍ သာနာညီမျှမှု ပိုမို ကောင်းမွန်လာရန် တည့်မတ်ထိန်းကျောင်းပေးခြင်း။
- ထုံးတမ်းစဉ်လာမြေယာစနစ်နှင့် အလှည့်ကျမြေလုပ်ပေးခြင်းကို စိုက်ပျိုးနည်းစနစ်တစ်ခုအဖြစ် ထောက်ခံအတည်ပြုပေးနိုင်ရန်နှင့် အရပ်ဒေသနှင့် လျော်ညီစွာ ဖြန့်ကျက်လုပ်ဆောင်ရသော တောင်ယာစနစ်ကို ထောက်ပံ့မှုရနိုင်ရန် မြေယာလုပ်ပိုင်ခွင့် လုပ်ငန်းစဉ်နှင့် မူဘောင်သစ်များ ချမှတ်ခြင်း။
- တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချလာစေခြင်း နှင့် အခိုင်အမာပြုပေးခြင်း။
- မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်များဆိုင်ရာ ညွှန်ကြားချက်များ၏ အကျိုး သက်ရောက်မှုများနှင့် ရိုက်ခတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း။

၃။ အင်ဂျီအို (အစိုးရမဟုတ်သော အဖွဲ့အစည်းများ) ၏ လုပ်ရပ်နှင့် စပ်လျဉ်း၍

- တောင်တန်းဒေသရှိ စားဝတ်နေမှုဖူလုံရေး စီမံကိန်းများထဲသို့ မြေယာလုပ်ပိုင်ခွင့်အရေးကိစ္စများကို ထည့်သွင်းဆောင်ရွက်ခြင်း။
- မြေယာလုပ်ပိုင်ခွင့် ဓလေ့စည်းမျဉ်းများနှင့် စိုက်ပျိုးရေးနည်းလမ်းများသည် သာနာညီမျှမှုရှိစေ၍ တောင်သူကိုယ်တိုင် ကြံဆပါဝင်လာသော အစီအစဉ်များ ချမှတ်လာနိုင်စေခြင်း။ တောင်သူများ ကိုယ်တိုင်တင်ပြသည့် ဆန်းသစ်တီထွင်မှုများအပေါ် အခြေခံ၍ ဆောင်ရွက်ခြင်း။

၄။ ပုဂ္ဂလိကကဏ္ဍနှင့် စပ်လျဉ်း၍

- တစ်ဖက်မှစီးပွားရေးတွက်ကိန်းနှင့် ကိုက်ညီပြီး တစ်ဖက်ကလည်း အသေးစားတောင်သူများကို မြှင့်တင်ပေးနိုင်သော နည်းလမ်းများဖြင့် လယ်ယာကဏ္ဍကို ဝင်ရောက်လာစေခြင်း။
- ပုဂ္ဂလိကကဏ္ဍနှင့် ပတ်သက်သော ထိန်းကျောင်းခြင်းအစီအမံများကို ခိုင်ခံ့စေခြင်း။

၅။ စဉ်ဆက်မပြတ် သင်ယူခြင်း

- ဆက်စပ်ပတ်သက်သူအပေါင်းကို တွဲဖက်ခေါ်ယူသော လုပ်ငန်းစဉ်များနှင့် လက်တွေ့သုတေသနများမှ တစ်ဆင့် တောင်ယာလုပ်သူများနှင့် အကျိုးပြုနိုင်မည့် အလားအလာများကို ထောက်ပံ့ကူညီပေးနိုင်ရန် နှင့် အခြေအနေကို နက်နက်ရှိုင်းရှိုင်းဆက်စပ်နားလည်လာအောင် ကြိုးပမ်းခြင်း။
- စဉ်ဆက်မပြတ် သင်ယူရေးအတွက် ရွှေ့ပြေးစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း။

တောင်တန်းဒေသမှ တောင်ယာလုပ်သူများ အပါအဝင် အသေးစားတောင်သူများက သွင်းအားစု၊ မတည်ရင်းနှီးမှုနှင့် မြေယာလုပ်ပိုင်ခွင့် အာမခံချက်များ ပေးထားခြင်းသည် တစ်မျိုးသားလုံး စီးပွားရေး၏ အဓိကမဏ္ဍိုင်ဖြစ်သော လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးတက်ခြင်းနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီး တစ်ခုဖြစ်လာရေးကို ဦးတည်သည့် အမျိုးသားပန်းတိုင်သို့ ရောက်ရှိလာစေရေးကို အထောက်အကူပြုပေးနိုင်မည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


[1] National Commission for Environmental Affairs Myanmar (NCEA) and Project Secretariat UN Environment Programme Regional Resource Center for Asia and the Pacific. March 2006. Myanmar National Environmental Performance Assessment (EPA) Report. Asian Development Bank , Global Environment Facility, United Nations Development Programme (UNDP). p 32-33.

[2] NCEA. 2006. p 33.

[3] UNDP. 2007. Integrated Household Living Conditions Survey.

[4] World Food Programme (WFP). May 2010. An Analysis of the Food Security Situation in Selected Areas Across Kokang. Vulnerability Analysis and Mapping Unit (VAM).

[5] Food and Agriculture Organization (FAO). Jan 2007. Identification and Assessment of the Poor, Food Insecure and Vulnerable in the Union of Myanmar. GCP/INT/952/EC-MYA (8). EC/FAO Cooperative Program. p 49.

[6] United Nations Office on Drug and Crime (UNODC). Opium Poppy Cultivation in the Golden Triangle: Lao PDR, Myanmar, Thailand. October 2006. Pp 30-33. (Although this report details coping strategies of farmers who are affected by opium eradication, the strategies are the same for loss of land or other shocks to household food security.)

[7] Government of the Union of Myanmar. September 1993. Duties and Rights of the Central Committee for the Management of Culturable Land, Fallow Land and Waste Land AND Procedures Conferring the Right to Cultivate Land/Right to Utilize Land.

[8] Department of Agricultural Planning (DAP), Ministry of Agriculture and Irrigation (MoAI). 2010. Myanmar Agriculture in Brief. p 82.

[9] Dr. Nyi Nyi Kyaw, Deputy Director General, Department of Forestry. April 7, 2010 Presentation at REDD workshop, Department of Forestry and UNDP. Naypyitaw.

[10] FAO, Food Security Working Group (FSWG) and UNDP. 11-12 February 2009. Stakeholder Workshop for Community Forestry: Its experiences and future in Myanmar. Workshop Proceedings.

[11] Kerkhoff, E.E. and Sharma, E. (compilers.) 2006. Debating Shifting Cultivation in the Eastern Himalayas: Farmer Innovations as Lessons for Policy. Kathmandu: International Center for Integrated Mountain Development (ICIMOD).

[12] FAO, UNDP. August 2004. Myanmar Agricultural Sector Review Investment Strategy. Vol 1-Sector Review. p 36.


စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်ဖ်အက်စ်ဒဗလျူဂျီ) သည် ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း (၄၇) ဖွဲ့၏ ကွန်ယက်အဖွဲ့တစ်ခုဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် တိုးတက်ကောင်းမွန်သော နည်းစနစ်များကို လုပ်ကိုင်ဆောင်ရွက်နေပါသည်။ အက်ဖ်အက်စ်ဒဗလျူဂျီသည် ၎င်း၏အဖွဲ့ဝင်များအား နည်းပညာ နှီးနှောဖလှယ်ပွဲနှင့် သင်တန်းများ၊ သတင်း အချက်အလက်များဖြန့်ဝေခြင်း၊ အရင်းအမြစ်များ လက်လှမ်းမီရယူစေခြင်း၊ သင်ယူလေ့ကျင့်မှုနှင့် အမြင်ဖလှယ်မှု ဆက်သွယ်ရေးကိစ္စများ၊ အထောက်အထားကိုအခြေခံသော သုတေသနလုပ်ငန်းနှင့် ထောက်ခံအကြံပြုတင်ပြခြင်းများတွင် အခွင့်အရေးရနိုင်သမျှ ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ခံကိုယ်စားပြုပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးနေပါသည်။

ဤတင်ပြလွှာသည် ""မြန်မာနိုင်ငံ၏ တောင်တန်းဒေသ မြေယာလုပ်ပိုင်ခွင့် လုံခြုံရေးအပေါ် ခြုံငုံသုံးသပ်ခြင်း"" ခေါင်းစဉ်ပါ ၅၅ မျက်နှာရှိ အစီရင်ခံစာ၏ အကျဉ်းချုပ်ဖြစ်ပါသည်၊ အစီရင်ခံစာ အပြည့်အစုံကို အက်ဖ်အက်စ်ဒဗလျူဂျီ၏ ကိုအော်ဒီနေတာနှင့် အောက်ပါအီးမေးနှင့် လိပ်စာအတိုင်း ဆက်သွယ်ရယူနိုင်ပါသည်၊


fswg.coordinator@gmail.com (သို့မဟုတ်) အခန်း ၂၀၅ (ဒုတိယထပ်)၊ တာဝါ "ဘီ"၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ၁၁၀၄၁၊ ဖုန်း - ၀၁ - ၅၂၃၉၃၀ ~ ၃၄ (လိုင်းခွဲ) ၃၂၀၅